အားကစားဂျာနယ်

အတွဲ ၂၇၊ အမှတ် ၁၀၊ ၂၀၁၅ ခုနှစ်၊ ဇွန် ၂၇၊ စနေနေ့

## လီဗာပူးရဲ့ စွမ်းရည်ကို မှတ်ကျောက်တင်မယ့် အဝေးကွင်းပွဲများ



ထွက်ပေါ်လာတဲ့ ပွဲစဉ်ဇယားအရ လီဗာပူးအသင်းဟာ ရာသီအစ အိမ်ကွင်းပွဲတွေကို အခက်အခဲ နည်းပါးစွာနဲ့ ဖြတ်သန်းနိုင်မယ့် အလားအလာ ရှိပေမယ့် ရာသီအစပိုင်း အဝေးကွင်းပွဲတွေကိုတော့ ခက်ခက်ခဲခဲ ဖြတ်သန်းရမယ့်အနေအထားမို့ ပြီးခဲ့တဲ့ရာသီကလို အဝေးကွင်း စွမ်းဆောင်ရည် ကျဆင်းခဲ့ရင် ချန်ပီယံအိပ်မက်ကိုတောင် စောစောစီးစီး စွန့်လွှတ်ရမယ့် အခြေအနေဖြစ်လာနိုင်ပြီး မန်နေဂျာ ရော်ဂျာလည်း ထင်ကြေးပေးခံရတဲ့အတိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲကနေ ပထမဆုံးထုတ်ပယ်ခံရသူဖြစ်သွားနိုင်တယ်။

၈-A



# ပွဲကြီးပွဲကောင်းများနှင့် ကိုပါအမေရိကာ ကွာတားအဆင့်

COPA AMERICA QUARTER-FINALS

JUNE 26
BOLIVIA vs PERU
JUNE 27
ARGENTINA vs COLOMBIA
JUNE 28
BRAZIL vs PARAGUAY

၂၀၁၅-၁၆ ပရီးမီးယားလိဂ် ပွဲစဉ်ဇယားအပြည့်အစုံ ပါရှိပါသည်။

SUPER
စူပါကော်ဖီမစ်

www.free4reader.com

## ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်း အသုံးပြုပါက ဟယ်ရီကိန်းကို မန်ယူခေါ်ယူနိုင်လိမ့်မည်ဟု ဟာရီရက်နက်ယူဆ



မန်ယူအသင်းအနေဖြင့် ယခုနွေရာသီအတွင်း စပါးစ်တိုက်စစ်မှူး ဟယ်ရီကိန်းအားခေါ်ယူရန် ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းမည်ဆိုပါက အဆိုပါကမ်းလှမ်းမှုကို စပါးစ်အသင်းက လက်ခံဖွယ်ရှိကြောင်း စပါးစ်အသင်းမန်နေဂျာဟောင်း ဟာရီရက်နက်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း(၂၁နှစ်)သည် ယခုနွေရာသီအတွင်း မန်ယူအသင်း၏ ပစ်မှတ်ထားခြင်းခံနေရသော်လည်း ဟယ်ရီကိန်းကမူ စပါးစ်တွင်သာ ဆက်လက်ကစားသွားရန် ရည်မှန်းထားကြောင်း ပြောဆိုခဲ့သည်။

"ကလပ်အသင်းတစ်သင်းအနေနဲ့ တိုးတက်မှုရရှိချင်တယ်ဆိုရင် အသင်းရဲ့ အကောင်းဆုံးကစားသမားတွေကို ဆက်ထိန်းထားနိုင်ဖို့လိုပါတယ်။ ဒါပေမယ့် မန်ယူအသင်းက တိုက်စစ်မှူးဟယ်ရီကိန်းအတွက် ပြောင်းရွှေ့ကြေး ပေါင်-၄၅ သန်းနဲ့ ကမ်းလှမ်းလာမယ်ဆိုရင် စပါးစ်ဥက္ကဋ္ဌ ဒန်နီယယ်လေဗီက အဲဒီကမ်းလှမ်းမှုကို လက်ခံစဉ်းစားလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ပြောင်းရွှေ့ကြေး ပမာဏဟာ ပေါင် ၄၅ သန်းလောက် မထိုက်တန်ဘူးလို့ ဥက္ကဋ္ဌလေဗီယူဆခဲ့မယ်ဆိုရင် ဟယ်ရီကိန်းကို ရောင်းချဖို့အတွက် ဥက္ကဋ္ဌလေဗီစာချုပ်ချုပ်ဆိုတာကို ကျွန်တော်တို့ မြင်တွေ့ရနိုင်တယ်"ဟု ဟာရီရက်နက်က ပြောဆိုခဲ့သည်။



## အော်စတင်အတွက် ဆောက်သမ်တန်အသင်း ကမ်းလှမ်းမှုပြုလုပ်

ဆောက်သမ်တန်အသင်းသည် ကျူပီအာအသင်း တိုက်စစ်မှူး ချာလီအော်စတင်အား ခေါ်ယူရန် ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ချာလီအော်စတင်အား ချဲလ်ဆီး၊ ဝက်စ်ဟမ်း၊ နယူးကာဆယ်စသည့် အသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ညနေပိုင်းတွင် အင်္ဂလန်တိုက်စစ်မှူး ချာလီအော်စတင်အတွက် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၁၄-၁၅ ခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲအပြီးတွင် တန်းဆင်းသွားခဲ့ရသည့် ကျူပီအာအသင်း တာဝန်ရှိသူများက တိုက်စစ်မှူး အော်စတင်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်း ရရှိရန် မျှော်လင့်လျက်ရှိသည်။

ပြီးခဲ့သည့် ဘောလုံးရာသီတွင် ကျူပီအာအသင်းအတွက် ပရီးမီးယားလိဂ်ပွဲပေါင်း ၃၅ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့သူ တိုက်စစ်မှူး ချာလီအော်စတင်နှင့် ကျူပီအာအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည်။



## ပီယိုရင်တီးနားအသင်းနည်းပြအဖြစ် ဆိုယူဆာ တာဝန်ယူမည် အသင်းဟောင်းသို့ပြန်ရန် ပီဇာရိုရည်မှန်းထား

စီးရီးအေကလပ် ဖီယိုရင်တီးနားအသင်းသည် အသင်းနည်းပြသစ်အဖြစ် ကျူပီအာနှင့် ဆွမ်ဆီးအသင်း မန်နေဂျာဟောင်း ပါယူလိုဆိုယူဆာကို ခန့်အပ်လိုက်ပြီဖြစ်သည်။

ဖီယိုရင်တီးနားအသင်း တာဝန်ရှိသူများသည် ပြီးခဲ့သည့် ဇွန် ၈ ရက်တွင် နည်းပြမွန်တဲလားကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နောက် အသက် ၄၄ နှစ်အရွယ်ရှိ ပေါ်တူဂီလူမျိုးနည်းပြ ဆိုယူဆာအား နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဖီယိုရင်တီးနားနှင့် နည်းပြဆိုယူဆာတို့ချုပ်ဆိုခဲ့သည့် စာချုပ်သက်တမ်းကိုမူ ဖော်ပြခြင်းမရှိပေ။

နည်းပြဆိုယူဆာသည် ကစားသမားဘဝတွင် ဂျူဗင်တပ်၊ အင်တာမီလန်၊ ဒေါ့မွန်စသည့် ဥရောပထိပ်တန်းအသင်းများ၌ ကွင်းလယ်ခံစစ်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ ဖီယိုရင်တီးနားအသင်းသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် အီတလီစီးရီးအေပြိုင်ပွဲတွင် အဆင့် ၄ နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အသင်းဖြစ်သည်။

ဖီယိုရင်တီးနားအသင်း ကွင်းလယ်ကစားသမား ဒေးဗစ်ပီဇာရိုက ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် သူ၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝစတင်ခဲ့သည့် ချီလီကလပ် ဆန်တီယာဂိုဝမ်ဒါးရားစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ဖြစ်ဖွယ်ရှိကြောင်း ပြောဆိုခဲ့သည်။ ချီလီကစားသမား ပီဇာရိုနှင့် ဖီယိုရင်တီးနားအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ဇွန်လအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။



## နာပိုလီအသင်းသို့ ဘိုင်ယန်မြူးနစ်ဂိုးသမား ရေနာပြန်ရန် နီးစပ်မှုရှိနေ

ဘိုင်ယန်မြူးနစ်အသင်းဂိုးသမား ရေနာသည် နာပိုလီအသင်းသို့ပြန်ရန် နီးစပ်မှုရှိနေပြီဖြစ်သည်။

ပီပီရေနာသည် လီဗာပူးအသင်းတွင်ရှိခဲ့စဉ်က နာပိုလီအသင်းတွင် တစ်ရာသီလုံး အငှားဖြင့်ကစားခဲ့၍ ပြီးခဲ့သည့်ရာသီက ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ပီပီရေနာသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ဂိုးသမားနူအာပြီးမှသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းတွင် ၃ ပွဲသာပါဝင်ကစားခွင့်ရရှိထားခဲ့သည်။

ရေနာသည် ဘိုင်ယန်မြူးနစ်အသင်း၌ အရန်ခုံတွင်ထိုင်နေရသောကြောင့် ပုံမှန်ကစားခွင့်ရရှိနိုင်ရန်အတွက် နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဂိုးသမားရေနာသည် ၂၀၀၄ ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်း လီဗာပူးအသင်းတွင်ကစားခဲ့ကာ ပွဲပေါင်း ၃၉၄ ပွဲကစားပြီး အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားရယူထားခဲ့သူဖြစ်သည်။

## မိုနာကိုကစားသမား ကွန်ဒေါ့ဘီယာကို ခေါ်ယူနိုင်ခဲ့ပြီဟု အင်တာမီလန်အသင်းကြေညာ



အင်တာမီလန်အသင်းသည် မိုနာကိုအသင်း ကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း အင်တာမီလန်အသင်းက ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ပြင်သစ်ကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာ(၂၂ နှစ်)အား အင်တာမီလန်အသင်းက ၅ နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကွန်ဒေါ့ဘီယာနှင့် စာချုပ်လက်မှတ်ရေးထိုးနေသည့်ဓာတ်ပုံကို အင်တာမီလန်အသင်းက အသင်း၏ တရားဝင်တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

အင်တာမီလန်အသင်းသည် ကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာအား ခေါ်ယူနိုင်ရေးအတွက် အေစီမီလန်၊ အာဆင်နယ်အသင်းတို့နှင့်အပြိုင် ကြိုးစားခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကွင်းလယ်ကစားသမား ကွန်ဒေါ့ဘီယာသည် ၂၀၁၃ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် ဆီဗီးလ်မှ မိုနာကိုအသင်းသို့ ၅ နှစ်သက်တမ်းရှိ စာချုပ်ဖြင့် ပြောင်း ရွှေ့ခဲ့သူဖြစ်သည်။


ပညာရေးသင်တန်းများ အဆင်သင့်ဖွင့်လှစ်နိုင်သော စာသင်ခန်းများ အချိန်ပိုင်း ငှားရန်ရှိသည်။

ဆက်သွယ်ရန်

ရန်ကုန်မြို့လယ် - ဖုန်း - ၀၁ ၂၅၆၆၂၁

လှည်းတန်း - ဖုန်း - ၀၉၇၃၀၀၉၆၂၇


www.free4reader.com



# ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံဆုဖလားကို ဆားဘီးယားအသင်းရရှိ

မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ နယူးဇီလန်နိုင်ငံတွင်ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆားဘီးယားအသင်းက ချန်ပီယံဆုဖလား ရယူသွားနိုင်ခဲ့သည်။

ဆားဘီးယားအသင်းသည် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားချန်ပီယံဆုအား ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ဆားဘီးယားသည် ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ၅ ကြိမ်ဗိုလ်စွဲခဲ့ဖူးသည့် ဘရာဇီးအသင်းနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီးတွင် တစ်ဂိုးစီသရေကျနေခြင်းကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရာ ပွဲချိန် ၁၁၈ မိနစ်တွင် ကွင်းလယ်ကစားသမား မာဆီမိုဗစ်က အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဆားဘီးယားအသင်း ၂-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ တတိယနေရာကို မာလီအသင်းကလည်းကောင်း၊ စတုတ္ထနေရာကို ဆီနီဂေါ အသင်းကလည်း ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ဟန်ဂေရီတိုက်စစ်မှူး ဘန် ဆီမာဗိုနှင့် ယူကရိန်းကွင်းလယ်ကစားသမား ဗစ်တာကိုဗာလန်ကိုတို့က သွင်းဂိုး ၅ ဂိုးစီဖြင့် ပူးတွဲရပ်တည်နိုင်ခဲ့သည်။ အကောင်းဆုံးကစားသမားဆုကို မာလီအသင်း ကွင်းလယ်ကစားသမား အဒါမာတိုယေးကလည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုကို ဆားဘီးယားဂိုးသမား ရာကိုဗစ်ကလည်းကောင်းရရှိခဲ့ပြီး အသန့်ရှင်းဆုံးအသင်းဆုကို ယူကရိန်းအသင်းက ရရှိခဲ့သည်။

# အာဆင်နယ်ကစားသမား ကာဇိုလာကို ခေါ်ယူရန် ဘာစီလိုနာ စိတ်ဝင်စားနေ

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာအား ခေါ်ယူရန် ရည်မှန်းလျက်ရှိကြောင်း စပိန်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။ ဘာစီလိုနာအသင်း တာဝန်ရှိသူများက စပိန်ကစားသမား ကာဇိုလာ(၃၀နှစ်)သည် အသင်းမှ ထွက်ခွာသွားသူ ကွင်းလယ်ကစားသမား ဇာဗီ၏ နေရာတွင် အစားထိုးရန် အသင့်တော်ဆုံးကစားသမားအဖြစ် ယူဆထားသည်ဟုဆိုသည်။



မာလာဂါအသင်း ကွင်းလယ်ကစားသမားဟောင်း ကာဇိုလာအား အက်သလက်တီကိုအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း ကွင်းလယ်ကစားသမား ကာဇိုလာက သူ၏ အနာဂတ်နှင့် ပတ်သက်သည့် ထင်ကြေးပေးသတင်းများကို ငြင်းဆိုထားပြီး အာဆင်နယ်နှင့် ကျန်ရှိနေသော နှစ်နှစ်သက်တမ်းရှိ စာချုပ်ကုန်ဆုံးသည်အထိ အာဆင်နယ်၌ ရှိနေမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

ကွင်းလယ်ကစားသမား ကာဇိုလာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အတွက် စုစုပေါင်း ၅၃ ပွဲ ပါဝင်ကစားခဲ့ကာ ၈ ဂိုး သွင်းယူခဲ့သူဖြစ်သည်။ ကာဇိုလာသည် ၂၀၁၂ ခုနှစ် ဩဂုတ်လအစောပိုင်းတွင် မာလာဂါအသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာသူဖြစ်သည်။

# ဖီဖာဥက္ကဋ္ဌရာထူးအတွက်ယှဉ်ပြိုင်ရန် မာရာဒိုနာ ဆုံးဖြတ်ထား



အာဂျင်တီးနားကစားသမားဟောင်း ဒီယေဂိုမာရာဒိုနာသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားကြောင်း ဥရုဂွေးနိုင်ငံသား အားကစားဂျာနယ်လစ်နှင့် စာရေးဆရာဖြစ်သူ ဗစ်တာဟူဂိုမိုရာလက်စ်က သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

မာရာဒိုနာ၏ နာမကျန်းဖြစ်နေသော ဖခင်ဖြစ်သူ၏ အခြေအနေကို ပြီးခဲ့သည့် တနင်္ဂနွေနေ့၌ ဆက်သွယ်မေးမြန်းစဉ်တွင် မာရာဒိုနာက ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည်ဟု မိမိအားအသိပေး ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ဟူဂိုမိုရာလက်စ်က ဖော်ပြခဲ့ခြင်းဖြစ်သည်။

"မာရာဒိုနာက သူဟာ ဖီဖာဥက္ကဋ္ဌအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ ကျွန်တော့်ကို အသိပေးခဲ့ပါတယ်။ ကျွန်တော်က ဖီဖာဥက္ကဋ္ဌရာထူးနဲ့ပတ်သက်ပြီး သူနဲ့ ဆွေးနွေးစဉ်မှာ မာရာဒိုနာက သူဟာ ဖီဖာဥက္ကဋ္ဌလောင်းတစ်ဦးဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်"ဟု ဟူဂိုမိုရာလက်စ်က တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

ယခုလအစောပိုင်းတွင် ဗင်နီဇွဲလားနိုင်ငံသမ္မတ နီကိုလပ်စ်မာဒူရိုက မာရာဒိုနာအား ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် တိုက်တွန်းခဲ့ဖူးသည်။ ဆွစ်ဇာလန်နိုင်ငံသား ဆပ်ဘလတ္တာက ဖီဖာဥက္ကဋ္ဌရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာထားသော်လည်း ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကျင်းပချိန်အထိ ဆပ်ဘလတ္တာသည် ဖီဖာဥက္ကဋ္ဌရာထူးကို ဆက်လက်ရယူထားမည်ဖြစ်သည်။

## SHORT NEWS

■ ၂၀၁၅ ခုနှစ် ဘရာဇီးစီးရီးအေပြိုင်ပွဲဝင် ဗာစကိုဒဂါးမားအသင်းသည် ရာသီအစ ၈ ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းကြောင့် အသင်းနည်းပြဒိုရီဗာသည် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဗာစကိုဒဂါးမားအသင်းက ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်လိုက်သည်။

■ အေစီမီလန်အသင်းသည် ပေါ်တိုတိုက်စစ်မှူး ဂျက်ဆန်မာတီးနက်ဇ်အားခေါ်ယူရေး အောင်မြင်ဖွယ်မရှိခြင်းကြောင့် ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီကိုခေါ်ယူရန် ပြောင်းလဲစိတ်ဝင်စားလျက်ရှိသည်ဟုဆိုသည်။

# ဒေါင်းနင်းကိုခေါ်ယူရန် ဆန်းဒါးလန်းပြင်ဆင်

ဆန်းဒါးလန်းအသင်းသည် ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား ဒေါင်းနင်းအား ခေါ်ယူရန်ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်နေသည်။

ဆန်းဒါးလန်းအသင်းမန်နေဂျာ အက်ဗိုကက်သည် လာမည့်ရာသီတွင် အသင်း၏အင်အားကို ပိုမိုတောင့်တင်းမှုရှိရန်အတွက် ကစားသမားသစ်များကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

The Northern Echo ၏အဆိုအရ ဝက်စ်ဟမ်းအသင်းနည်းပြသစ် ဘီလစ်သည် ဒေါင်းနင်းအားရောင်းထုတ်ရန်ပြင်ဆင်ထားသောကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် ခေါ်ယူရန် အဓိကပစ်မှတ်ထားနေခြင်းဖြစ်သည်။

အသက်၃၀အရွယ်ရှိ ဒေါင်းနင်းအားခေါ်ယူရန် သူ၏အသင်းဟောင်းဖြစ်သည့် မစ်ဒယ်ဘရောအသင်းမှလည်းပြင်ဆင်နေသည်။

■ အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
■ စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
■ လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။
အတွဲ ၁၀၊ အမှတ် ၁-၂ / နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ
ဆက်သွယ်ရန်
Nyein Center

အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်
အဝေးသင်
ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်
ဝိဇ္ဇာ၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ စီးပွားရေး
ရှုလိုင် တန်း ခွဲသစ်များ ဖွင့်ပြီ
CONFIDENCE
Nyein Center
Nyein

www.free4reader.com



## စိတ်လှုပ်ရှားမှုအား စကားလုံးဖြင့်ပင်ဖော်ပြ၍ မရနိုင်ကြောင်း လီဗာပူးတိုက်စစ်မှူးသစ် ဖြစ်လာမည့် ဒန်နီအင့်စ်ဆို

တိုက်စစ်မှူးဒန်နီအင့်စ်က ဘန်လေအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရခြင်းနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမှုမှာ စကားလုံးဖြင့်ပင် ဖော်ပြ၍မရကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူးဒန်နီအင့်စ်သည် ဘန်လေအသင်းမှ လီဗာပူးအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်၍ ပြီးခဲ့သည့် ၂ ပတ်ကြာကတည်းက အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိထားခြင်းဖြစ်သော်လည်း လာမည့်ဇူလိုင် ၁ရက်မှ အပြီးသတ်ပြောင်းရွှေ့နိုင်မည်ဖြစ်သည်။

တိုက်စစ်မှူးဒန်နီအင့်စ်က "ကျွန်တော်ဟာ ပြောင်းရွှေ့မှုနဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားမှုကို စကားလုံးနဲ့တောင် ဖော်ပြလို့မရပါဘူး။ ကျွန်တော်ဟာ အောက်ခြေအဆင့်ကနေစခဲ့ရတဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် အခုအချိန်မှာအကောင်းဆုံးအချိန်လို့ ပြောရမှာပါ။ ကျွန်တော်ဟာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့အတွက် စောင့်မျှော်နေပါတယ်။ အခုအချိန်မှာ လီဗာပူအသင်းမှာ အကောင်းဆုံးပါဝင်ကစားနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူးဒန်နီအင့်စ်သည် လက်ရှိအချိန်တွင် အင်္ဂလန် ယူ-၂၁ အသင်းနှင့်အတူကစားနေသည့် ကစားသမားတစ်ဦးဖြစ်သည်။

## ဒီဂီယာကိုခေါ်ယူလိုပါက ရာမို့စ်ကို ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း မန်ယူက ရီးရဲသို့ပြောဆိုခဲ့

ပရီးမီးယားလိဂ်ကလပ်မန်ယူအသင်းသည် အသင်း၏ဂိုးသမားဒီဂီယာအားခေါ်ယူလိုပါက နောက်တန်းကစားရာမို့စ်ကိုလည်း ပြန်လည်ခေါ်ယူသွားရန်ဆန္ဒရှိနေကြောင်း စပိန်ကလပ်ရီးရဲမက်ဒရစ်အသင်းထံပြောဆိုခဲ့ကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ထုတ်ဖော်ရေးသားလိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိရာမို့စ်သည် စပိန်လက်ရွေးစင်အသင်းအတွက် ၁၂၈ ပွဲပါဝင်ကစားထားသူဖြစ်ပြီး ရီးရဲနှင့်ချုပ်ဆိုထားသည့် စာချုပ်အတွင်း၌ အသင်းပြောင်းရွှေ့မည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၁၂၈ အသုံးပြုခေါ်ယူရမည်ဆိုသည့်အချက် ထည့်သွင်းချုပ်ဆိုထားခဲ့သည်။

သို့သော် ရာမို့စ်သည် ရီးရဲနှင့် ချုပ်ဆိုထားသည့် စာချုပ်မှာလာမည့် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းအနေဖြင့် တွေ့ဆုံဆွေးနွေးမှုမရှိဘဲ ရာမို့စ်ကို ခေါ်ယူနိုင်သည့် အခွင့်အရေးရှိနေသည်ဟုယုံကြည်နေသည်။

ရီးရဲသည်ဒီဂီယာကိုခေါ်ယူရန်ကမ်းလှမ်းခဲ့ခြင်းမှာငြင်းပယ်ခြင်းခံထားရသော်လည်း ဒီဂီယာကိုပြောင်းရွှေ့ကြေးယူရိုငွေ ၁၈ သန်းဖြင့်ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။





ရာမို့စ်သည် ရီးရဲအသင်းနှင့်စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေပြီး စာချုပ်သစ်ချုပ်ဆိုသွားရန်သေချာမှုများမရှိသေးသည့်အတွက် မန်ယူအသင်းအနေဖြင့်လည်း ဒီဂီယာကို ရီးရဲမှခေါ်ယူခြင်းကိုအပြန်အလှန်အနေဖြင့် ရာမို့စ်ကိုခေါ်ယူသွားရန် ဖိအားပေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

## SHORT NEWS

■ ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား ပြောင်းရွှေ့ကြေး ပေါင် ၅ သန်းဖြင့်ခေါ်ယူရန် ရည်မှန်းထားသည်။

■ စတုတ်အသင်း ကွင်းလယ်ကစားသမား ချာလီအဒမ်သည် အသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ပြီး အဆိုပါစာချုပ်အရ ချာလီအဒမ်သည် ၂၀၁၇ ခုနှစ်အထိ စတုတ်အသင်းတွင် ရှိနေမည်ဖြစ်သည်။


**ရာစုသစ်** ဆေးကုခန်း

အမှတ်(၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-09-421180800

**အမျိုးသားများအတွက် အားဖြည့်စခန်း**

ပန်းသေ၊ ပန်းညှိုး၊ ကျောက်ကပ်အားနည်းခြင်း သုတ်လွှတ်မြန်သော ရောဂါများမှာ နေထိုင်မှုဘဝတွင် အရေးတကြီး အသဲအသန်ဖြစ်နေခြင်း၊ အလုပ်ဖိအားများခြင်း သို့မဟုတ် ဝွင်းတိုက်များခြင်းတို့မှာ အမျိုးသားအင်္ဂါ ကျုံ့ယုံ့သွားခြင်း၊ ပန်းသေ ပန်းညှိုးခြင်း၊ သုတ်ပိုးနည်းခြင်း (သို့)သေခြင်း၊ သားသမီးမရမြဲနေခြင်း ဖြစ်ရပါသည်။ ရာစုသစ်ဆေးကုခန်းသည် အချိန်ကာလကြာရှည်စွာဖြင့် ယာထိုက် အမျိုးသား ရောဂါသုတေသနဌာန၊ နိုင်ငံတကာအမျိုးသား ရောဂါအစည်းအရုံး စသည့်တို့နှင့် ပူးပေါင်းခဲ့သည့် ပမာဏ ကြီးမားသည့် နည်းပညာ စွမ်းအားရှိပြီး မြန်မာနိုင်ငံတွင်တစ်ဦးတည်းသော နိုင်ငံတကာတွင် ခေတ်စားနေသည့် DEA အာရုံကြော ဆေးထိုးကုသနည်းကို အသုံးပြုပြီး ကျောက်ကပ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ပန်းသေပန်းညှိုး၊ အမျိုးသားအင်္ဂါသေးငယ်သွားခြင်း စသော ရောဂါတို့ကို အထူးကုသပေးပါသည်။ ဤရောဂါကုထုံး၏ ဆေးမှာ တမူထူးခြားပြီး ဆေးဝါးအတွင်း၌ အမျိုးမျိုးသော ကာမအထောက်အကူပြုဇီဝရှင်သန်သဘောရှိသည့် အစိတ်အပိုင်းများ ပါဝင်သည်။ ခန္ဓာကိုယ်အတွင်း၌ လိုအပ်သည့် ပမာဏရှိသည့် ဩဇာကို အချိန်မီတက်ကြွစေပါသည်။ ဆေးဝါးကိုအသုံးပြု လိုက်သည်နှင့် ထိရောက်မှု ရှိပါသည်။ အမျိုးသားအင်္ဂါကိုလည်း ဖွံ့ဖြိုးလာစေပါသည်။ ဆေးကုသကြိမ် တစ်ကြိမ်တည်းဖြင့် သက်သာစေသည်။ အမျိုးသားတို့၏ မာန်တစ်ကြိမ် ထပ်မံတက်ကြွလာပါသည်။ ဤကုသနည်းဖြင့် ကမ္ဘာမြောက်များစွာသော အမျိုးသားများအတွက် သတင်းကောင်း ဖြစ်ပါသည်။

**ကာလသားရောဂါကို အထူးကုသပေးခြင်း**

HPV ခေါ်ကြွက်နို့သည် ကျား/မအင်္ဂါတွင် ဂေါ်ဖီပန်းပွင့်သဏ္ဍာန်များ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ၎င်း HPV သည် လိင်ဆက်ဆံရာမှ ကူးစက်သည့် ရောဂါဖြစ်ပြီး ကြွက်နို့ အဖုများသည် အလွယ်တကူသွေးထွက်၍ အနံ့ဆိုးများ ထွက်လာသည်။ လိင်အင်္ဂါကြွက်နို့ HPV ရောဂါကို အချိန်မီ မကုသပါက မိမိ၏ ဇနီးမောင်နှံနှင့် မိသားစုဝင်များကိုပင် ကူးစက်ပျံ့နှံ့နိုင်သည်။ ထို့မှတဆင့် လိင်အင်္ဂါကင်ဆာနှင့် သားအိမ်ကင်ဆာသို့ ပြောင်းသွားနိုင်သည်။
ရာစုသစ်ဆေးခန်းတွင် HPV လိင်အင်္ဂါကြွက်နို့၊ HSV ရေယုန်ရောဂါ၊ Ganorahoea ညောင်းကျရောဂါစသည့် ကာလသားရောဂါ များကို ဂျပန်နိုင်ငံထုတ်စက်ကိရိယာဖြင့် ဖယ်ရှားပေးပြီး အဆင့်မြင့် နည်းပညာဖြင့်ထုတ်လုပ်ထားသော ဆေးဝါးများဖြင့်လည်း ပျောက်ကင်းအောင် ကုသပေးနေပါသည်။ ကုသပြီးနောက် ပြန်လည်မဖြစ်ပွားတော့ပါ။



**ပန်းညှိုးခြင်း ၊ ပန်းသေခြင်း ၊ သုတ်လွှတ်မြန်ခြင်း ၊ ထိပ်ငုံခြင်း ၊ အရေပြားရှည်ခြင်း ၊ ဆီးသွားရာတွင် သွေးထွက်ခြင်း ၊ ဆီးကျိတ်ရောင်ရမ်းခြင်း လိင်အင်္ဂါကြွက်နို့ (HPV) ၊ အိမ်ထောင်သက်ကြာသော်လည်း ကလေးမရခြင်း အချိန်ကြာကုသ၍မပျောက်သော လိင်အင်္ဂါ ကူးဆက်ရောဂါ**

**ဤကြော်ငြာစာရွက်ဖြင့် ဆေးကုခန်းသို့လာပါက စမ်းသပ်မှုပိုင်းအခမဲ့၊ ကုသမှုအပိုင်း ၅၀%**



**ဆေးခန်းဖွင့်ချိန်**
နံနက်(၈)နာရီမှည(၈)နာရီအထိ
ပိတ်ရက်မရှိ

# ကွင်းလယ်ကစားသမား ရာဘော့အား ရောင်းချရန် ပီအက်စ်ဂျီအသင်းကို မိခင်ဖြစ်သူတောင်းဆို




ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ရာဘော့၏ မိခင်ဖြစ်သူ ဗီရိုနီကေးရာဘော့က ယခုနွေရာသီအတွင်းတွင် ရာဘော့အား ရောင်းချရန် ပီအက်စ်ဂျီအသင်းကို တောင်းဆိုလိုက်သည်။

အသက် ၂၀ နှစ်အရွယ်ရှိ ပြင်သစ်ကစားသမား ရာဘော့သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် စုစုပေါင်း ၃၃ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲ၌ ပွဲထွက်ကစားသမားအဖြစ် ၁၀ ပွဲသာ ကစားခွင့် ရရှိခဲ့သည်။ ကွင်းလယ်ကစားသမား ရာဘော့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပီအက်စ်ဂျီအသင်းနှင့် ၂၀၁၉ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ရာဘော့၏ အေးဂျင့်အဖြစ်လည်း တာဝန်ယူထားသူ ဗီရိုနီကေးရာဘော့က "ပီအက်စ်ဂျီအသင်းဟာ ကျွန်မသားရဲ့ အနှစ်သက်ဆုံးအသင်းပါ။ သူဟာ အောင်မြင်တဲ့ ကစားသမားတစ်ဦးဖြစ်လာဖို့လည်း ဆန္ဒရှိသူဖြစ်ပါတယ်။ ပီအက်စ်ဂျီမှာတော့ သူမျှော်လင့်ထားတဲ့ ကစားသမားဘဝကို မရနိုင်ပါဘူး။ ရာဘော့အနေနဲ့ တိုးတက်မှုတွေ ရရှိဖို့ ဘောလုံးရာသီတစ်ခုမှာ အနည်းဆုံး ၃၅ ပွဲ လောက် ကစားခွင့်ရဖို့ လိုပါတယ်။ လာမယ့် ရာသီမှာ သူ့အနေနဲ့ အဲဒီလောက် ပွဲပမာဏကို ပီအက်စ်ဂျီမှာ ကစားရဖို့ မရှိဘူး။ ဒါကြောင့် ပီအက်စ်ဂျီကနေ ထွက်ခွာတာသာ အကောင်းဆုံးဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်း လက်ထောက်မန်နေဂျာ အိုလီဗာလီတန်နဲ့ ဆွေးနွေးခဲ့စဉ်အတွင်း ရာဘော့ကို အခုနွေရာသီ ဈေးကွက်အတွင်းမှာ ရောင်းချဖို့ တောင်းဆိုခဲ့ပါတယ်။ ရာဘော့အနေနဲ့ ပီအက်စ်ဂျီမှာ ဆက်မကစားဖြစ်ဘူးဆိုရင် သူ့ရဲ့ ဒုတိယဦးစားပေးက ပရီးမီးယားလိဂ်ပြိုင်ပွဲဖြစ်ပါတယ်"ဟု ပြောသွားသည်။

## SHORT NEWS

■ တူရကီကလပ်ဖီနာဘာချီအသင်း သည် အာဆင်နယ်အသင်း၏ဂိုးသမား အော့စပီနာကိုခေါ်ယူရန် သဘောတူမှုရရှိထားပြီဟု သတင်းများထွက်ပေါ်နေသည်။

■ ဆွမ်ဆီးအသင်းသည် ဆဲလ်တစ်အသင်းခံစစ်မှူး ဗာဂျီဗန်ဒစ်အား ပေါင် ၈ သန်းဖြင့်ခေါ်ယူရန် ပြင်ဆင်နေသည်။

■ ချဲလ်ဆီးကပ္ပတိန် ဂျွန်တယ်ရီက ဂိုးသမားပီတာဆက်ချ်သည် ချဲလ်ဆီး၌ပင် ဆက်ရှိနေမည်ဟု မျှော်လင့်ကြောင်းပြောဆိုလိုက်သည်။




# ဂါရတ်ဘေးလ်ကို ခေါ်ယူသင့်သည်ဟု မန်ယူအား ဒွိုက်ယော့ တိုက်တွန်း

ယခုနွေရာသီ ဈေးကွက်ကာလအတွင်း မန်ယူအသင်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်း တောင်ပံကစားသမား ဂါရတ်ဘေးလ်အားခေါ်ယူနိုင်ရေးကို ဦးစားပေးကြိုးပမ်းသင့်ကြောင်း မန်ယူအသင်းတိုက်စစ်မှူးဟောင်း ဒွိုက်ယော့က ထုတ်ဖော်ပြောဆိုလိုက်သည်။



ထရီနီဒက် တိုက်စစ်မှူးဟောင်း ဒွိုက်ယော့(၄၃နှစ်)သည် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မန်ယူတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

"ဂါရတ်ဘေးလ်ဟာ ကြံ့ခိုင်မှုအပြည့်အဝရှိနေမယ်ဆိုရင် သူဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေအနက်က တစ်ဦးပါ။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းက သူ့ကို ပြောင်းရွှေ့ကြေး အများအပြားအသုံးပြုပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော့်အနေနဲ့ အခုနွေရာသီအတွင်း မန်ယူအတွက် ကစားသမားသစ်တစ်ဦး ခေါ်ယူရမယ်ဆိုရင် ဂါရတ်ဘေးလ်ကိုပဲ ခေါ်ယူဖြစ်ပါလိမ့်မယ်"ဟု တိုက်စစ်မှူးဟောင်း ဒွိုက်ယော့က ပြောသွားသည်။

စပိန်ကစားသမားဟောင်း ဂါရတ်ဘေးလ်ကမူ သူ့အား ရီးရဲအသင်း ပရိသတ်များက လှောင်ပြောင်မှုများပြုလုပ်နေသော်လည်း ရီးရဲမှထွက်ခွာရန်မရှိဟု ပြောဆိုထားသည်။


# စင်ကာပူဆေးကုသခန်း

ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှည ၈ နာရီအထိ ( ပိတ်ရက်မရှိ )

## စအို၊ အစာအိမ်၊ အူလမ်းကြောင်း

အမျိုးသား၊ အမျိုးသမီး သားအိမ်ခေါင်း ပိုင်းဆိုင်ရာ ရောဂါများ စအို၊ မြွှန်ပေါက်နာ စအိုမြွှန်ပေါက်သေးငယ်ခြင်း စအိုမြွှန် ပေါက် စိုစွတ်ခြင်း၊ စအို အဝရောင်၊ အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကုသပေးနေ ပါသည်။



## အမျိုးသားဆိုင်ရာ ရောဂါများ

ဆီးကျိတ်ပိုးဝင်ခြင်း၊ ဆီးကျိတ် ရောင်ရမ်းခြင်း၊ ဆီးစပ်တဖိုက်ကိုက်ခဲခြင်း၊ ပန်းသေပန်းညှိုးခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အမျိုးသား အရေပြားဖုံးအုပ် ရှည်လွန်းခြင်း၊ ခေါင်းမထောင်နိုင်ခြင်း၊ အမျိုးသား အားအင် ယုတ်လျော့ခြင်း၊ ကပ်ပယ်အိတ် စိုစွတ်ခြင်း၊ အမျိုးသား လိင်ဥဝှေးစေ့ရောင်ရမ်းခြင်း၊ ဆီးပူ ဆီးကျဉ် ဆီးအောင့်ခြင်း၊ နောက်ဆက်တွဲ ဖြစ်တတ်သော ရောဂါများကို ကုသပေးနေပါသည်။



## အမျိုးသမီးဆိုင်ရာရောဂါများ

သားဥပြွန်လမ်းကြောင်း တွယ်ကပ် ပိတ်ဆို့ခြင်း၊ ရာသီမမှန်ခြင်း၊ သားဆက်မြုံခြင်း၊ အရေပြားဆိုင်ရာ ရောဂါများ၊ သားအိမ်ခေါင်းပိုင်းဆိုင်ရာ ရောဂါများ၊ အတွင်းပေါ်မုန်းဓာတ် မညီမျှခြင်း၊ သားအိမ်လုပ်ဆောင်ချက် သဏ္ဍာန်သွေးထွက်ခြင်း၊ အနံ့ဆိုး သနွေတား ထွက်ခြင်း၊ ကြာရှည်စွာ ဆေးများကို အသုံးပြု၍ ဖြစ်တတ်သော နောက်ဆက်တွဲ အမျိုးသမီးသားဆက်မြုံခြင်းများကို ကမ္ဘာ့ထိပ်တန်း နည်းပညာပစ္စည်းနှင့်ဆေးဝါးများကို တွဲဖက်အသုံးပြု၍ ပြန်လည် ကိုယ်ဝန်ဆောင်နိုင်အောင် ကုသ ပေးနေပါသည်။



## နား၊ နှာခေါင်း၊ လည်ချောင်း

နားချေးခြင်း၊ နားပိတ်ခြင်း၊ နားမကြားခြင်း၊ လည်ချောင်းနာခြင်း၊ နှာခေါင်း ရောင်ရမ်းခြင်းဆိုင်ရာ ရောဂါများ၊ မျက်စိ ဆိုင်ရာရောဂါများကို ကုသပေးနေပါသည်။



## အခြား ရောဂါများ

လေးဖက်နာ ရောဂါ၊ စအို ကွဲနာ၊ စအိုဝ ကျွံခြင်း၊ သုက်သေခြင်း၊ သုက်နည်းခြင်း၊ အစာအိမ် အူလမ်းကြောင်း ကင်ဆာဖြစ်ပွားခြင်းဆိုင်ရာ ရောဂါများ ကုသပေးပါသည်။

(ဤကြော်ငြာစာရွက်ဖြင့် ဆေး ကုခန်းသို့ ယူလာပါက စမ်းသပ်မှုပိုင်း အခမဲ့၊ ကုသမှုပိုင်း ၅၀% )
(အထူး Discount၊ နေ့စဉ်လာ ရောက်ကုသပေးသော ရှေ့ဦးစွာလူနာ ၅ ရောက်အား ဆေးကုသမှုကို ၃ ရက် အခမဲ့ ဆောင်ရွက်နိုင်သည်။)

အမှတ် (၃၀) ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၉၄၇၅၉၈၈၉၅၆၄


www.free4reader.com

အားကစားဂျာနယ်

SUPPLEMENT

အတွဲ ၂၇၊ အမှတ် ၁၀၊ ၂၀၁၅ ခုနှစ်၊ ဇွန် ၂၇၊ စနေနေ့

# ပေါင် ၂၉ သန်းဖြင့် ဘရာဇီးကစားသမား ဖာမီနိုကို လီဗာပူးခေါ်ယူ

## ကလပ်သမိုင်းတစ်လျှောက် ဒုတိယမြောက်ဈေးအကြီးဆုံးကစားသမားဖြစ်လာ



ဘရာဇီးကစားသမား ရောဘတ်တိုဖာမီနိုသည် ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် ဟော့ဖန်ဟိုင်း အသင်းမှ လီဗာပူးအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လီဗာပူးအသင်း သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက်ဈေးအကြီးဆုံး ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။ ဖာမီနိုသည် တစ်ပတ်လစာငွေပေါင် ၁၀၀၀၀၀ ကျော်ဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး အလုပ်လုပ်ခွင့် ပါမစ်ရရှိသွားရန်လိုအပ်မည်ဖြစ်ပြီး လီဗာပူးတွင် ဆေးစစ်မှုများပြုလုပ်သွားမည်ဖြစ်သည်။

ဖာမီနိုသည် ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းကခေါ်ယူရန်လည်း ဆက်သွယ်ကမ်းလှမ်းခံခဲ့ရသူဖြစ်ပြီး ယခုနှစ်နွေရာသီအတွင်း လီဗာပူးအသင်း၏ အဓိကခေါ်ယူလိုသည့် ပစ်မှတ်တစ်ခုလည်းဖြစ်ခဲ့သည်။

လီဗာပူးအသင်းသည် ဖာမီနို၏ ကနဦးပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၂၂ သန်းပေးချေသွားမည်ဖြစ်သည်။ လီဗာပူးအသင်း၏ ဈေးအကြီးဆုံးကစားသမားမှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းတွင် တိုက်စစ်မှူး အင်ဒီကာရိုးလ်ကို ခေါ်ယူခဲ့ခြင်းဖြစ်ခဲ့သည်။ အသက် ၂၃ နှစ်အရွယ်ရှိ ဖာမီနိုသည် လီဗာပူးအသင်းတွင် ဘရာဇီးကစားဖော်များဖြစ်သည့် လုကပ်စ်၊ ကော်တင်ညိုတို့နှင့်တွေ့ဆုံကာ အတူတွဲဖက်ကစားသွားနိုင်မည်ဖြစ်သည်။

| လီဗာပူးသမိုင်းတစ်လျှောက်ဈေး အကြီးဆုံးကစားသမားများ | | |
|---|---|---|
| အင်ဒီကာရိုး | - | ပေါင် ၃၅ သန်း(ဇန်နဝါရီ ၂၀၁၁) |
| ရောဘတ်တိုဖာမီနို | - | ပေါင် ၂၉ သန်း(ဇွန် ၂၀၁၅) |
| လာလာနာ | - | ပေါင် ၂၅ သန်း (ဇူလိုင် ၂၀၁၄) |
| ဆွာရက်ဇ် | - | ပေါင် ၂၂.၈ သန်း (ဇန်နဝါရီ ၂၀၁၁) |
| တောရက်စ် | - | ပေါင် ၂၀.၂ သန်း(ဇူလိုင် ၂၀၀၇) |



# အငှားကစားသမားမှ အမြဲတမ်းကစားသမားအဖြစ် ပီရီရာကို ဂျူဗင်တပ်အသင်းခေါ်ယူ

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အူဒီးနီးစ်အသင်းမှ ကွင်းလယ်ကစားသမား ရောဘတ်တိုပီရီရာ ကို အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုသတင်းထုတ်ပြန် ကြေညာလိုက်သည်။ ပီရီရာသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ရာသီတွင် ဂျူဗင်တပ်အသင်း၌ တစ်ရာသီအငှားစာချုပ်ဖြင့် လာရောက်ကစားနေခဲ့သူဖြစ်သည်။

အာဂျင်တီးနားကစားသမား ပီရီရာသည် လက်ရှိတွင် အာဂျင်တီးနားအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲ ဝင်ရောက်နေသူဖြစ်ပြီး လာမည့် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ဂျူဗင်တပ်အသင်းနှင့် စာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ပီရီရာ၏ပြောင်းရွှေ့ကြေးအဖြစ် ကနဦးတွင် ယူရိုငွေ ၁၄ သန်းပေးချေသွားမည်ဖြစ်ပြီး ကစားသမား၏စွမ်းဆောင်ရည် ခြေစွမ်းပေါ်မူတည်၍ အနာဂတ်တွင် နောက်ထပ် ယူရိုငွေ ၁.၅ သန်းပေးချေသွားမည်ဖြစ်သည်။

ပီရီရာသည် ပြီးခဲ့သည့်ရာသီတွင် ဂျူဗင်တပ်အသင်းနှင့်အတူ စီးရီးအေဆုဖလားနှင့် ကိုပါအီတလီယာဖလားတို့ကိုဆွတ်ခူးထားနိုင်ခဲ့ပြီး ပြိုင်ပွဲအရပ်ရပ် ၅၂ ပွဲပါဝင်ကစားထားခဲ့ပြီးနောက် အမြဲတမ်းကစားသမားတစ်ဦးအဖြစ် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အူဒီနီးစ်ကစားသမားဟောင်း ပီရီယာသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲဖြစ်သည့် ဘာစီလိုနာကို ၃-၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ဂျူဗင်တပ်အသင်းအတွက် ပွဲထွက်ပါဝင်ကစားခဲ့သည်။



# အက်သလက်တီကိုကို ရွေးချယ်ခဲ့တဲ့ တိုက်စစ်မှူးမာတီးနက်စ်

ကိုလံဘီယာတိုက်စစ်မှူးဂျက်ဆင်မာတီးနက်စ်သည် ပေါ်တိုအသင်းမှ အက်သလက်တီကိုအသင်းသို့ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့်အပြီးသတ် ပြောင်းရွှေ့နိုင်ခဲ့ပြီဖြစ်ကြောင်း မာတီးနက်စ်၏အေးဂျင့်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အက်သလက်တီကိုအသင်းသည် မာတီးနက်စ်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ပေါ်တိုအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် မာတီးနက်စ်ကိုခေါ်ယူရန်စိတ်ဝင်စားနေသည့် အေစီမီလန်အသင်းကိုအသာရခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် မာတီးနက်စ်ကိုခေါ်ယူရန် စိတ်ဝင်စားနေခဲ့သော်လည်း မာတီးနက်စ်မှာ အင်္ဂလန်သို့ပြောင်းရွှေ့ခြင်းထက် စပိန်သို့ပြောင်းရွှေ့ရန် ပိုမိုစိတ်ဝင်စားခဲ့သည်ဟုဆိုသည်။

စပိန်ကလပ်အက်သလက်တီကိုအသင်းသည် အသင်း၏တိုက်စစ်မှူး မန်ဇူကစ်ကိုဂျူဗင်တပ်အသင်းသို့ပေါင် ၁၃.၆ သန်းဖြင့်ရောင်းချခဲ့ပြီးနောက် လေးနှစ်စာချုပ်ဖြင့်မာတီးနက်စ်ကိုအစားထိုးခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မာတီးနက်စ်၏ အေးဂျင့်လုစ်ဟင်းနရစ်ပိုပီယိုက အဆိုပါကလပ်နှစ်ခုစလုံးသည် မာတီးနက်စ်၏အပြောင်းအရွှေ့အား တရားဝင်သတင်းထုတ်ပြန်ခြင်းမရှိသေးသော်လည်း မာတီးနက်စ်မှာ အက်သလက်တီကိုပြောင်းရွှေ့ရန် အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

# မာဆေးကစားသမား ပေယက်ကိုခေါ်ယူရန် ဝက်စ်ဟမ်းသဘောတူညီမှုရရှိ




ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် ပြင်သစ်ကလပ် မာဆေးကွင်းလယ်ကစားသမား ဒီမစ်ရီပေယက်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဖြင့်ခေါ်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ သို့သော် ဝက်စ်ဟမ်းအသင်းသည် တောင်ပံကစားသမား ဒေါင်းနင်းအားခေါ်ယူရန် ပြောင်းရွှေ့ကြေး ပေါင် ၅ သန်းဖြင့် ဆန်းဒါးလန်းအသင်းမှကမ်းလှမ်းခဲ့ခြင်းကိုမူ ငြင်းပယ်ခဲ့သည်။

ပေယက်သည် မာဆေးအသင်းက စာချုပ်သစ်ချုပ်ဆိုသွားရန် ကမ်းလှမ်းခြင်းခံခဲ့ရသော်လည်း သူ့မိသားစုမှာ လန်ဒန်သို့ပြောင်းရွှေ့ရန် ဆန္ဒရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့် ယူရိုပါလိဂ်ပြိုင်ပွဲနှစ်ခုစလုံးတွင် ခြေစွမ်းပြသနိုင်ရန်အတွက် အသင်း၏ကစားသမားအင်အားကို မြှင့်တင်ရန်စီစဉ်နေခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း တန်းဆင်းရမည့်အခက်အခဲများမှရှောင်ရှားနိုင်ရန် ပြိုင်ဘက်ကလပ် ဆန်းဒါးလန်းအသင်းက ဒေါင်းနင်းကို ပေါင် ၅ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းကို အလျှင်အမြန်ငြင်းပယ်ခဲ့သည်။ ဒေါင်းနင်းသည် ၂၀၀၃ ခုနှစ်တွင် ဆန်းဒါးလန်းအသင်း၌ အငှားသွားရောက်ကစားဖူးသူဖြစ်ပြီး ဆန်းဒါးလန်းမန်နေဂျာအက်ဗိုကတ်သည် ဒေါင်းနင်းအားခေါ်ရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်သည်။



www.free4reader.com

